## ဓမ္မခန္ဓာ (၈၈) ဖြစ်ရပ်ကြီး (အလ်–ဂါရှီအတ်)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၈)၊ သုတ်ဒေသနာ (၂၆)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **هَلْ أَتَاكَ حَدِيثُ الْغَاشِيَةِ** <br> ဖြစ်ရပ်ကြီး အကြောင်း ဆင့်ပြန်ချက်သည် သင့်ထံသို့ ရောက်စေပြီလော။[၁၅၁] |
| ၂။ | **وُجُوهٌ يَوْمَئِذٍ خَاشِعَةٌ** <br> ထိုနေ့ကာလ၌ ကြောက်ရွံ့တုန်လှုပ်ရမည့် မျက်နှာများမှာ– |
| ၃။ | **عَامِلَةٌ نَّاصِبَةٌ** <br> အလုပ်ကြီးဖြင့် ခြေကုန်လက်ပန်းကျနေရလတ္တံ့။ |
| ၄။ | **تَصْلَى نَارًا حَامِيَةً** <br> လောင်ကျွမ်းနေသော အပူမီး၌ တစ်သားတည်း ဖြစ်ရလတ္တံ့။ |
| ၅။ | **تُسْقَى مِنْ عَيْنٍ آنِيَةٍ** <br> ရေပူ စမ်းချောင်းမှ တိုက်ကျွေးလတ္တံ့။ |
| ၆။ | **لَّيْسَ لَهُمْ طَعَامٌ إِلَّا مِن ضَرِيعٍ** <br> အဆူးသီးများမှအပ သူတို့အတွက် ကျွေးမွေးရာ မရှိချေ။ |
| ၇။ | **لَا يُسْمِنُ وَلَا يُغْنِي مِن جُوعٍ** <br> ၎င်းသည် အဟာရ မဖြစ်၊ ဆာလောင်ခြင်းအတွက်လည်း မပြည့်စုံနိုင်ချေ။ |
| ၈။ | **وُجُوهٌ يَوْمَئِذٍ نَّاعِمَةٌ** <br> ထိုနေ့ကာလတွင် ရွှင်လန်းပျော်ရွှင်ရမည့် မျက်နှာများမှာ– |
| ၉။ | **لِسَعْيِهَا رَاضِيَةٌ** <br> သူတို့၏ ဆည်းပူးမှုအတွက် ကြေနပ်နှစ်သက်လျှက်– |
| ၁၀။ | **فِي جَنَّةٍ عَالِيَةٍ** <br> မြင့်မြတ်သော သုခဘုံ အတွင်း၌– |

(၁၅၁) အဖြစ်အပျက်ကြီး ဆိုသည်မှာ အံ့ကြွနိုးကြားမှုကြီးကို ဆိုလိုပေသည်။ ဤသုတ်တော်၌ အစ္စလာမ်၏ အတိုက်အခံ ခေါင်းဆောင်ကြီးများ၏ ဘဝသက်တမ်း ကျဆုံးခန်းကို ပြောဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၁။ | لَّا تَسْمَعُ فِيهَا لَاغِيَةً۝<br>ထိုဥ္ဌ စကားလေစကားလွှင့်ကို ကြားရမည် မဟုတ်ချေ။ |
| ၁၂။ | فِيهَا عَيْنٌ جَارِيَةٌ۝<br>ထိုဥ္ဌ စီးထွေနေသော စိမ့်စမ်းများ ရှိ၏။ |
| ၁၃။ | فِيهَا سُرُرٌ مَّرْفُوعَةٌ۝<br>ထိုဥ္ဌ မြင့်မားသော ပလ္လင်များ ရှိ၏။ |
| ၁၄။ | وَأَكْوَابٌ مَّوْضُوعَةٌ۝<br>နေရာတကျရှိသော ရေဖလားများလည်း ရှိ၏။ |
| ၁၅။ | وَنَمَارِقُ مَصْفُوفَةٌ۝<br>ဆိုဖာမှီအုံးများ အတန်းလိုက်လည်း ရှိ၏။ |
| ၁၆။ | وَزَرَابِيُّ مَبْثُوثَةٌ۝<br>ကောဇောများ ဖြန့်ခင်းထားလျက်လည်း ရှိ၏။ |
| ၁၇။ | أَفَلَا يَنظُرُونَ إِلَى الْإِبِلِ كَيْفَ خُلِقَتْ۝<br>သူတို့ မရှုစားကြသလော ရေအိပ်သယ်တိမ်စုအား[၁၃၂] မည်သို့ ဖြစ်တည်စေသနည်း။ |
| ၁၈။ | وَإِلَى السَّمَاءِ كَيْفَ رُفِعَتْ۝<br>ထို့နောက် ကောင်းကင်ယံအား မည်သို့ မြှင့်မြောက်ထားသနည်း။ |
| ၁၉။ | وَإِلَى الْجِبَالِ كَيْفَ نُصِبَتْ۝<br>ထို့နောက် တောင်တန်းများအား မည်သို့ မြဲမြံစွာတည်ထားသနည်း။ |
| ၂၀။ | وَإِلَى الْأَرْضِ كَيْفَ سُطِحَتْ۝<br>ထို့နောက် မြေကမ္ဘာအား မည်သို့ ကျဲဖြန့်ထားသနည်း။ |
| ၂၁။ | فَذَكِّرْ إِنَّمَا أَنتَ مُذَكِّرٌ۝<br>သို့ဖြစ်၍ သတိပေးလော့၊ သင်၏ ဝန်တာမှာ သတိပေးရန်သာ ဖြစ်၏။ |
| ၂၂။ | لَّسْتَ عَلَيْهِم بِمُصَيْطِرٍ۝<br>သင်သည် သူတို့အပေါ်၌ စောင့်ထိန်းနေရသူ မဟုတ်ချေ။ |
| ၂၃။ | إِلَّا مَن تَوَلَّى وَكَفَرَ۝<br>လှည့်သွားလျက် ဖုံးကွယ်သူကိုသာ– |
| ၂၄။ | فَيُعَذِّبُهُ اللَّهُ الْعَذَابَ الْأَكْبَرَ۝ |

(၁၃၂) ဤနေရာမှာ **အိဗိလ်** ၏ တိုက်ရိုက် အဓိပ္ပါယ်မှာ ကုလားအုပ်ဟု ဖြစ်ပေသည်။ သို့သော် ကုလားအုပ်သည် အခြားတိရိစ္ဆာန်များထက် ထူးခြားလျက် သူ၏ ခန္ဓာကိုယ်၌ ရေများ စုဆောင်းသိုလှောင်ရန် ရေအိပ် အပိုပါရှိသောကြောင့်– အာရဗ်များ အနေဖြင့် ရေသယ်ဆောင်လာသော မိုးတိမ်ထုကိုလည်း ကုလားအုပ်ဟု တင်စားပြောဆိုလေ့ ရှိပေသည်။ ထိုကြောင့် ဤနေရာ၌ ရေအိပ်သယ် တိမ်ထုဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် သူ့အား ကြီးမားသော ဝင့်ကြွေးဖြင့် ဝင့်သင့်စေတော်မူအံ့။ |
| ၂၅။ | إِنَّ إِلَيْنَا إِيَابَهُمْ ۝<br>ကေန်ပင် သူတို့၏ အပြန်ခရီးသည် ငါ့ထံသို့သာ ဖြစ်၏။ |
| ၂၆။ | ثُمَّ إِنَّ عَلَيْنَا حِسَابَهُمْ ۝<br>တဖန် သူတို့၏ အချုပ်စာရင်းသည် ငါ့ထံ၌သာ ဖြစ်၏။ |